# လူကုန်ကူးခြင်းနှင့်လူမှောင်ခိုသွင်းခြင်း

**လူကုန်ကူးခြင်း** တွင် အလုပ်သမား (သို့) စီးပွားဖြစ်လိင်ဝန်ဆောင်မှုတို့ကို ရယူလိုသောအခါ (သို့) စီးပွားဖြစ်လိင်ဝန်ဆောင်မှုကို ဆောင်ရွက်မည့်သူသည် အသက် ၁၈ နှစ်အောက် ရောက်ရှိနေအခါတွင် အတင်းအကပြုအားသုံးခြင်း၊ လိမ်လည်လှည့်စားခြင်း (သို့) ခြိမ်းခြောက်အကျပ်ကိုင်ခြင်းတို့ကို အသုံးပြုခြင်းတို့ ပါဝင်ပါသည်။

**လူမှောင်ခိုသွင်းခြင်း** သည် အထောက်အထားမရှိသော နိုင်ငံသားမဟုတ်သူများကို အမေရိကန်သို့ ခေါ်ဆောင်ခြင်းနှင့် အမေရိကန်တွင်ရှိပြီးသော အထောက်အထားမရှိ နိုင်ငံသားမဟုတ်သူများကို တရားမဝင် သယ်ယူပို့ဆောင်ခြင်းနှင့် ခိုလှုံခွင့်ပေးထားခြင်းတို့ ပုပြုလုပ်ခြင်းအားဖြင့် လူဝင်မှုကြီးကြပ်ရေး ဥပဒေများကို ရည်ရွယ်ချက်ရှိရှိ ရှောင်တိမ်းခြင်းဖြစ်သည်။

## ဤစကားလုံးနှစ်ခုကို လဲလှယ်သုံးနှုန်း၍*မရပါ။*

**လူမှောင်ခိုသွင်းခြင်း**သည် သယ်ယူပို့ဆောင်ခြင်းအပေါ် အခြေခံ၍ နယ်စပ်ရေးရာ ရာဇဝတ်မှု ဖြစ်သည်။

**လူကုန်ကူးခြင်း**သည် ခေါင်းပုံဖြတ်ခြင်းအပေါ် အခြေခံ၍ လူနှင့် ပတ်သက်သော ရာဇဝတ်မှု ဖြစ်သည်။

BLUE CAMPAIGN
One Voice. One Mission. End Human Trafficking.®

လူကုန်ကူးမှုကို တိုင်ကြားရန် - **1-888-373-7888**

**www.dhs.gov/bluecampaign**

# လူကုန်ကူးခြင်းကို ခွဲခြားဖော်ထုတ်ခြင်း - သင့်ကိုယ်သင်မေးပါ -

- လူကုန်ကူးခံရသည်ဟု သင်သံသယရှိသူသည် ၎င်းတို့ မည်သူမည်ဝါ ဖြစ်ကြောင်းပြနိုင်သော စာရွက်စာတမ်းများနှင့် ခရီးသွား စာရွက်စာတမ်းများ လက်ဝယ်ပိုင်ဆိုင်ထားပါသလား?
- ထိုသူသည် အသိုင်းအဝိုင်းအဖွဲ့ဝင်များ၊ အလုပ်သမားများ၊ ဥပဒေစိုးမိုးရေး (သို့) လူဝင်မှုကြီးကြပ်ရေးအရာရှိများအား မည်သည့်အရာပြောရမည်ကို လေ့ကျင့်ပေးထားခြင်းခံရပါသလား? ထိုသူအတွက် တခြားသူတစ်ဦးမှ ကိုယ်စားပြောပေးပါသလား?
- ထိုသူသည် ကတိပေးထားသော အလုပ်မဟုတ်ဘဲ တခြားတစ်ခုလုပ်ရန် အတင်းအကျပ်စေခိုင်းခြင်းခံရပါသလား?
- ထိုသူ၏ လစာကို တခြားသူမှ အကြွေး (သို့) အသုံးစရိတ်များ ပေးချေရန်အတွက် တရားမဝင်ရယူသုံးစွဲနေပါသလား? (မှောင်ခိုကြေးပေးချေခြင်း တစ်ခုတည်းကို လူကုန်ကူးမှုဟု မသတ်မှတ်ပါ.)
- ထိုသူသည် စီးပွားဖြစ်လိင်ဝန်ဆောင်မှုပေးရန် အတင်းအကျပ်စေခိုင်းခံရပါသလား?
- ထိုသူ (သို့) ထိုသူ၏ မိသားစုဝင်များသည် ထွက်ခွာရန် ကြိုးစားသည့်အတွက် အန္တရာယ်ပြုခြိမ်းခြောက်ခြင်းများ ခံခဲ့ရပါသလား?
- ထိုသူသည် တခြားနိုင်ငံသို့ နှင်ထုတ်ခြင်း (သို့) ရာဇဝတ်မှုဖြင့်စွပ်စွဲခြင်းတို့ဖြင့် ခြိမ်းခြောက်ခံရပါသလား?
- ထိုသူသည် အစားအစာ၊ သောက်သုံးရေ၊ အိပ်စက်ချိန်၊ ဆေးဝါး စောင့်ရှောက်မှု (သို့) အခြားအသက်ရှင်နေထိုင်ရန် လိုအပ်သောအရာများကို ပိတ်ပင်ထားခြင်းတို့ဖြင့်  ထိခိုက်အောင် လုပ်ထားပါသလား?
- ထိုသူသည် သူငယ်ချင်းများ (သို့) မိသားစုဝင်များကို အစောင့်ကြပ်မခံရဘဲ လွတ်လပ်စွာ ဆက်သွယ်နိုင်ပါသလား?
- ထိုသူသည် အသက် ၁၈ နှစ်အောက်ရှိ၍ စီးပွားဖြစ်လိင်ဝန်ဆောင်မှုတွင် ပါဝင်ပါသလား?
- ထိုသူသည် စံသတ်မှတ်ချက်ထက် လျော့နည်းနေသော နေအိမ်တွင် နေထိုင်နေရပါသလား?